
သရေခွေ (တောင်တွင်း)

# ကျတ်ကုန်း



ဆရာဆွေ(တောင်တွင်း)

ကျတ်ကုန်း

(ဖြစ်ရပ်မှန်)

*

ဤအဖြစ်အပျက်သည် ကျွန်မ၁၄နှစ်သမီးအရွယ်က ကြုံခဲ့ရသည့် အဖြစ်အပျက် ဖြစ်ပါသည်။

ယခု ကျွန်မ အသက်ငါးဆယ်အရွယ်သို့တိုင် ရောက်ခဲ့ပေမင့် ထိုစဥ်က အဖြစ်အပျက်အား ပြန်တွေးမိတိုင်း ကြက်သီးတော့ ထမိစမြဲ ဖြစ်ပါသည်။

ကျွန်မတို့ရွာကလေးသည် မြို့ပြနှင့်ဝေးပြီး အလွန်လည်း ခေါင်လှပါသည်။

ရွာသူရွာသားအများစုသည် တောင်ယာအလုပ်သိမ်းလျှင် အခြားရွာတွေသို့ မုန့်ဟင်းခါး လှည့်လည်ရောင်းချပြီး ဟင်းစားဖိုး ရှာကြရပါသည်။

တစ်ညတွင်တော့ ရွာအလယ်မှ ဒေါ်ကြိုင်ဆိုသည့် အမျိုးသမီးကြီးသည် အိမ်သို့ရောက်လာပါသည်။

သူမကလည်း မနက်စောစောထပြီး အခြားရွာသို့ မုန့်ဟင်းခါး လှည့်လည်ရောင်းသူ ဖြစ်ပါသည်။

အမေက

"ဟဲ့ မကြိုင်။ ညကြီးမိုးချုပ် ဘာကိစ္စ"

"အကူအညီတောင်းချင်လို့ပါ မစိန်ရေ"

"အင်း။ ပြောလေ"

"ကျွန်မ မနက် 'တာတိုင်'ရွာကို မုန့်ဟင်းခါးသွားရောင်းဖို့ အကုန်ပြင်ဆင်ပြီးခါမှ ခါတိုင်း ဈေးတောင်းရွက်ဖို့ ခေါ်နေကျလူက နေမကောင်းလို့ မလိုက်ဖြစ်တော့ဘူးတဲ့။ ဒါကြောင့် မိညိုလေးကို တစ်ရက်လောက် ခေါ်သွားချင်ပါတယ်"

ယင်းသို့ အကူအညီတောင်းတော့ အမေက

"ရပါတယ်။ ခေါ်သွားပါ"

"ဟုတ် ဟုတ်။ ကျေးဇူးပါ"

ပြောပြီး ဒေါ်ကြိုင်က ကျွန်မဘက်သို့လှည့်ကာ

"မိညို။ ငါမနက်လေးနာရီ လာခေါ်မယ်နော်"

"ဟုတ်။ အဒေါ်"

ဒေါ်ကြိုင် ပြန်ထွက်သွားပါသည်။

စင်စစ်သော် ကျွန်မသည် အမေ့စကားကို မလွန်ဆန်ဝံ့၍သာ လက်ခံလိုက်ရပေမင့် အနီ'တာတိုင်'ရွာသို့ မလိုက်လိုပါ။

ထိုရွာသည် ကျွန်မတို့ရွာနှင့် နှစ်မိုင်ခန့်ဝေးသည့်အပြင် ရွာနှစ်ရွာကြားတွင် အိမ်တစ်အိမ်မှ မရှိဘဲ 'အင်း'ကြီးတစ်ခုသာ ရှိနေပါသည်။

ပို၍ဆိုးသည်မှာ မနက်လေးနာရီအချိန် သွားရမည်မို့ ကျွန်မမှာ စိုးတထိတ်ထိတ်တော့ ဖြစ်နေမိပါသည်။

ဒေါ်ကြိုင်ကမူ ထိုရွာသို့ နေ့စဥ် သွားရောက် ရောင်းချနေကျမို့ သူမအတွက်တော့ မည်သည့်အခက်အခဲမှ ဖြစ်မနေပါ။

ကျွန်မ စိုးရိမ်နေသည်ကို အမေက ရိပ်မိလေသဖြင့်

"စိုးရိမ်မနေပါနဲ့သမီးရယ်။ ဒေါ်ကြိုင်တို့တောင် နေ့တိုင်း သွားနေကျ။ ဘာအန္တရာယ်မှ မဖြစ်ပါဘူး"

ကျွန်မ ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်ပါသည်။

အမေက

"ကဲ ကဲ ထမင်းစားပြီး စောစောအိပ်တော့။ မနက်သွားရမှာဆိုတော့လေ"

"ဟုတ်ကဲ့"

ကျွန်မလည်း ထမင်းစားပြီး ခပ်စောစော အိပ်လိုက်ပါသည်။

***